# မြစ်ဆုံဆည် စီမံကိန်းတွင် တရုတ်ဝန်ထမ်းများ ရှိနေဆဲ

သတင်းရင်းမြစ် > ဖနိဒါ
သောကြာနေ့၊ အောက်တိုဘာလ ၁၄ ရက် ၂၀၁၁ ခုနှစ် ၂၁ နာရီ ၃၇ မိနစ်

ချင်းမိုင်(မဇ္ဈိမ) ။ □□□□□□။ မြစ်ဆုံ ရေကာတာ စီမံကိန်းကို ရပ်ဆိုင်းထားသည်ဟု သမ္မတဦးသိန်းစိန်က လွှတ်တော်သို့
ပြောကြားခဲ့သော်လည်း စီမံကိန်းတွင် တရုတ်ဝန်ထမ်းများ ဆက်လက်ရှိနေသေးကြောင်း ထိုင်းနိုင်ငံ အခြေစိုက် ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက် KDNG က သောကြာနေ့က ထုတ်ပြန်လိုက်သည်။

"အခုထိ သွားလာရေး၊ မြစ်ဆုံတဝိုက်မှာဆိုရင် စစ်တပ်လည်း မရုပ်သေးဘူး။ အလုပ်သမားတွေလည်း ရှိသေးတယ်။ တချို့အလုပ်သမားတွေက မိုးရာသီဖြစ်လို့ သမ္မတ မပြန်ခင် ကတည်းကနေ ပြန်သွားတာ။ ဒါပေမဲ့ သွားရေးလာရေး လုံခြုံရေးကအစ တင်းကြပ်မှုတွေရှိတယ်"ဟု KDNG ၏ ပြောခွင့်ရသူ မအနန်က ပြောသည်။

ဦးသိန်းစိန်က မြစ်ဆုံရေကာတာ စီမံကိန်းကို ပြည်သူ့သဘောထားအတိုင်း မိမိအစိုးရလက်ထက်တွင် ရပ်ဆိုင်းထား မည်ဖြစ်ကြောင်း ပြီးခဲ့သည့် စက်တင်ဘာလ ၃၀ ရက်နေ့က လွှတ်တော်နှစ်ရပ်လုံးသို့ အကြောင်းကြားခဲ့သည့်



"လတ်တလော ကျမတို့သိရသလောက်ဆိုရင် တံတားဆောက်တာတော့ ရပ်ထားတယ်။ တရုတ်ကုမ္ပဏီက မြေယာ လာတိုင်းထွာတဲ့ လူတွေရှိတယ်။ နောက်လမ်းဆောက်နေတာတွေ ရှိသေးတယ်။ နောက်တခုက သူတို့ ပစ္စည်းတွေ

ကို စောင့်ဖို့ ဆိုပြီး ရှိနေတဲ့ အလုပ်သမားတွေလည်း ရှိသေးတယ်”ဟု မအနန်က ပြောသည်။ KDNG အဖွဲ့သည် ၂၀၀၄ ခုနှစ်မှစတင်၍ မြစ်ဆုံစီမံကိန်းဆောက်လုပ်မှုကို အစဉ်စောင့်ကြည့်နေသော အဖွဲ့ဖြစ်သည်။

တရုတ်နိုင်ငံသား အလုပ်သမား ဝန်ထမ်းအချို့က ဧရာဝတီမြစ် အနောက်ဘက်ကမ်း မြစ်ဆုံစီမံကိန်းနေရာ ဇွေဒူ ကျေးရွာမှ ဝိုင်းမော်မြို့နယ် ဝါးရှောင် ကျေးရွာ၏ မြောက်ဘက်မှ ကံပိုင်တီအထိ လမ်းဖောက်လုပ်မှု ဆက်လက် ရှိနေကြောင်းကို ညွှန်းဆိုလိုက်ခြင်းဖြစ်သည်။

အဆိုပါ လမ်းသည် တရုတ်နိုင်ငံဘက်မှ ဆောက်လုပ်ရေး ပစ္စည်းများကို သယ်ယူရန် အရေးကြီးသည့် ကားလမ်း ဖြစ်သည်ဟု KDNG က မအားနန်က ပြောသည်။

ထို့ပြင် စီမံကိန်းရပ်ဆိုင်းထားသော်လည်း အမှတ် (၂) သတ္တုဝန်ကြီးဌာနနှင့် ဟာခါဘို သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်တို့က သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ဆီးစေသော ရွှေတူးဖော်ရေးနှင့် သစ်ထုတ်လုပ်မှုများ ဆက်
လက် ပြုလုပ်ဆောင်နေသဖြင့် ရပ်ဆိုင်းရန် အစိုးရထံ တောင်းဆိုလိုက်သည်။

“ဒေသခံတွေကိုတော့ ခွင့်မပေးဘဲ ဒီကုမ္ပဏီတွေဘဲ မေခ မလိခကြား တြိဂံနယ်မြေထဲမှာ မြစ်အထက်ပိုင်းမှ သစ် ထုတ်လုပ်နေတာတွေ လုပ်နေတာတွေ ရပ်ဖို့ ပြောချင်တယ်။ ညဘက်ပိုင်း တရုတ်တွေ ကားနဲ့ တရုတ်နိုင်ငံဘက် သယ်ဆောင်သွားတယ် ဆိုတာကို ဒေသခံတွေ ပြောပြချက်အရ သိတာပါ။ ကျမတို့ လူတွေက မျက်မြင် သက်သေ ဖြစ်နေတယ်”ဟု မအနန်က ပြောသည်။

သို့သော် မြန်မာကုမ္ပဏီ တခုဖြစ်သော Asia World ကုမဏီမှ လုပ်သားများကတော့ စီမံကိန်းကို ရပ်ဆိုင်းပြီး ပြန်သွားကြပြီဟု ဒေသခံတဦးက ပြောသည်။

မြစ်ဆုံဆည်စီမံကိန်းနှင့် ကီလိုမီတာ ၅၀ ခန့်ကွာသောဒေသတွင် ဗဟိုအစိုးရကို လက်နက်ကိုင် တော်လှန်နေ သော ကချင်လွတ်မြောက်ရေးအဖွဲ့၏ တပ်မဟာ ၁ တပ်ရင်း ၃ ၏ လဖိုင်ဂိတ် တပ်စခန်းတခုရှိသည်။ စီမံကိန်းမှ ကီလိုမီတာ ၄၀ ခန့် ဝေးကွာသော မြစ်ကြီးနားမြို့ရပ်ကွက်အချို့တွင် စစ်တပ်အသုံးပြုရန် ပေါ်တင်ဆင့်ခေါ်မှုများ လုပ်နေသော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ငြင်းဆန်ထားသည်။

စီတာပူ၊ တပ်ကုန်း၊ ဒူကထောင် ရပ်ကွက်များမှ တရပ်ကွက်လျှင် လူ ၅၀ စီ ပေးပို့ရမည်ဟု မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံတပ်က တောင်းဆိုထားရာ " ဒါပေမဲ့ ကျနော်တို့က တာဝန်မယူနိုင်ဘူး။" ဟု ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတဦးက မဇ္ဈိမသို့ ပြောသည်။

မြစ်ဆုံရေကာတာ စီမံကိန်းအနီးတဝိုက်မှ ကျေးရွာသား ဒေသခံများကို မူလ မိမိအိမ် နေအိမ်များသို့ ပြန်လည် နေထိုင်ခွင့်ပေးရန်နှင့် မေခ-မလိခမြစ်အထက်ပိုင်းရှိ ရေကာတာစီမံကိန်းများကိုလည်း ရပ်ဆိုင်းရန် KDNG တောင်းဆို လိုက်သည်။

မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်သည့်အပေါ် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းသွားမည်ဟု CPI က အတိအလင်းပြောဆို
ခဲ့ပြီး ဖြစ်သည်။ အလားတူ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ၎င်းတို့ ကုမ္ပဏီများ၏ အကျိုးစီးပွားအတွက် ထည့်သွင်းစဉ်းစားပေးရန် ထုတ်ပြန်ခဲ့သေးသည်။